ကရင်ပြည်နယ်၊ ဘားအံမြို့ အမှတ်(၈) ရပ်ကွက်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းခွဲ ရွှေကင်းကျောင်းကို ၂၀၁၅ခုနှစ် ဖွန်လက က.အ.က ကျောင်းအဖြစ် အမိန့်စာကျခဲ့ပြီး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခွဲမှ အခွဲအဖြစ် ၂၀၁၅ခုနှစ် ဖွန်လတွင် စတင်ဖွင့်လှစ်ခဲ့ကာ ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ ငှားရမ်းထားသော အပြင်ဆရာမတစ်ယောက်သာရှိပြီး ရှုနိုင်ငံတော် အစိုးမှချထားပေးမည့် ဆရာမ(၂)ယောက်မှ ယနေ့တိုင်ရောက်ရှိလာခြင်းမရှိခြင်းကြောင့် ကျေးရွာအတွင်းရှိ ကလေးငယ်များ ပညာရေးအား စိုးရိမ်ရလျက်ရှိသည်။

အဆိုပါအပြင်ဆရာကို ငှားရမ်းမှုများမှာလည်း နှစ်လတာကာလသာဖြစ်သည်။ ကျောင်းကော်မတီဝင်များသည် မြို့နယ်ပညာရေးမှူးထံသို့ သွားရောက်တွေ့ဆုံမေးမြန်းရာတွင် ဆရာ/ဆရာများပြောင်းရွှေ့အပြီးတွင် ခန့်အပ်ပေးပါမည်ဟုဆိုသော်လည်း ယနေ့အထိ ထူးခြားလာခြင်းမရှိခြင်းကြောင့် ဘားအံမြို့နယ် ကရင်ပြည်နယ် မြို့နယ်တောင်သူလယ်သမားနှင့် စိုက်ပျိုးရေးအလုပ်သမားသမဂ္ဂ ဥက္ကဌ သည် ၂၀၁၅ခုနှစ် နိုဝင်ဘာလ (၂၈)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံတောင်သူလယ်သမားစိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာ အလုပ်သမားများသမဂ္ဂအဖွဲ့ချုပ် (AFFM-IUF) အထွေထွေအတွင်းရေးမှူးချုပ်ထံသို့ တင်ပြထားသည်။